*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# သင်ကြားသင်ယူမှုနည်းနာများနှင့် ပုံပြင်၏အခန်းကဏ္ဍ

အေးစုငြိမ်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဒသသနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ပို့ချရသည့် အထောက်အကူပြုဘာသာရပ်ဖြစ်သော မ ၁၀၀၅၊ ၁၀၀၈ - မြန်မာ့ရိုးရာပုံပြင်များ (၁)၊ (၂) စာအုပ်ပါ ပုံပြင်နှစ်ပုဒ်ကို အလေ့လာခံအဖြစ်တင်ပြကာ သင်ကြားသင်ယူမှုနည်းနာများဖြစ်သော ၂၁ ရာစု ကျွမ်းကျင်မှု(၅)ရပ်ဖြင့်ချိန်ထိုး၍ ကျောင်းသား၊ ကျောင်းသူများအတွက် ပုံပြင်၏အကျိုး သက်ရောက်မှုသဘောကို လေ့လာထားပါသည်။ ထိုသို့လေ့လာခြင်းဖြင့် သင်ကြား သင်ယူမှု အောင်မြင် ပေါက်မြောက်သည်နှင့်အမျှ ပုံပြင်များသည် ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအတွက် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင် ကြောင်း သိမြင်နိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** သင်ကြားသင်ယူမှုနည်းနာ၊ မြန်မာ့ရိုးရာပုံပြင်၊ ၂၁ ရာစုကျွမ်းကျင်မှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု။

## နိဒါန်း

ဤစာတမ်းသည် သင်ကြားသင်ယူမှုနည်းနာများဖြင့် ချိန်ထိုးကာ မြန်မာ့ရိုးရာပုံပြင် (၂) ပုဒ်ကို လေ့လာတင်ပြထားသည့် စာတမ်းတစ်စောင်ဖြစ်ပါသည်။ လက်ရှိပညာရေးစနစ်သည် ဆရာဗဟိုပြု သင်ကြားရေးမှ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို ကူးပြောင်းနေသောအချိန် ဖြစ်ပါသည်။ ထိုသို့ ပြောင်းလဲလာသည်နှင့်အမျှ ကျောင်းသားကျောင်းသူများသည် သင်ခန်းစာမှတစ်ဆင့် ၂၁ ရာစု ကျွမ်းကျင်မှုများကို ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ပါသည်။

၂၁ ရာစုပညာရေးဆိုသည်မှာ ကျောင်းသား ကျောင်းသူများ စာသင်ခန်းထဲတွင် ငြိမ်ငြိမ်လေး ထိုင်ကာ ရှေ့ကဆရာသင်ပြသမျှကို ထိုင်နားထောင်ခြင်း၊ စာမေးပွဲတွင် အမှတ်များများရရန် သင်ခန်းစာကို အလွတ်ကျက်စေခြင်းမျိုးမဟုတ်ပေ။ သင်ယူသူ ကလေးလူငယ်များ၏ မတူကွဲပြားသော သင်ယူမှုပုံစံနှင့် အထုံပါရမီအမျိုးမျိုးကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ တတ်နိုင်သမျှ လိုက်လျောညီထွေနေနိုင်ရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူတတ်သော အလေ့အကျင့်မျိုးရရှိရန် ရည်ရွယ်ပြီး လက်တွေ့ပတ်ဝန်းကျင်နှင့် ချိတ်ဆက်သင်ကြားပေးခြင်းမျိုးဖြစ်ပါသည်။

လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်အရ ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာများ ရရှိပိုင်ဆိုင်ရန်နှင့် ဗလငါးတန်ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာစေရန်မှာ ပုံပြင်များက အခြေခံအကြောင်းတရားများဟု ယူဆမိပါသည်။ သို့ဖြစ်ရာ ထို ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာ နည်းလမ်းများကို အသုံးပြုကာ သင်ကြားသင်ယူမှုကို အောင်မြင်ပြီးမြောက်အောင် ပြုလုပ်နိုင်ကြရန်၊ ပုံပြင်များကို အခြေခံ၍ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရှိသော ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာစေရန်နှင့် မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုသိရှိစေရန် ရည်ရွယ်ကာ ဤစာတမ်းကို လေ့လာသုတေသနပြုခြင်း ဖြစ်ပါသည်။ ဤစာတမ်းကို လေ့လာရာတွင် -

---

[၁] မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

(၁) ပုံပြင်များသင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများဖြင့် ချိန်ထိုးသင်ကြားခြင်းကြောင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်မည်နည်း။

(၂) ပုံပြင်၏ ဩဇာသည် ကျောင်းသားလူငယ်များအပေါ်တွင် မည်မျှအကျိုး သက်ရောက်မှု ရှိသနည်း။

ဟူသော မေးခွန်းများကို အခြေခံကာ လေ့လာသုတေသနပြုထားပါသည်။

ဤစာတမ်းတွင် အထောက်အကူပြုဘာသာရပ် (Elective Courses) ဖြစ်သော မော်ဂျူးနံပါတ် မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ (၁)(၂) ပါ ပုံပြင် (၂)ပုဒ်ကို အလေ့လာခံအဖြစ် သတ်မှတ်ကာ ၂၁ ရာစု သင်ကြားရေးနည်းနာများဖြင့် ချိန်ထိုးလေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ ဤအထောက်အကူပြု ဘာသာရပ်ကို အလေ့လာခံအဖြစ်ထားကာ လေ့လာရခြင်းမှာ အချို့ကျောင်းများတွင် မြန်မာစာဌာနမှ သင်ကြားရသော ထိုအထောက်အကူပြုဘာသာရပ်ကို မယူကြတော့ဘဲ အခြားဘာသာရပ်များကိုသာ ရွေးချယ်ကြသည်ကို တွေ့ရှိရပါသည်။ ထိုအခါမည်သည့်အတွက်ကြောင့် ထိုဘာသာရပ်ကိုမယူရ သနည်း၊ ပုံပြင်များဖြစ်သဖြင့် တက္ကသိုလ်ကျောင်းသားများသင်ယူရန် သေးနုတ်သည်ဟု ယူဆသော ကြောင့်လား (သို့မဟုတ်) အောင်ရန်ရာခိုင်နှုန်း နည်းသောကြောင့်လား (သို့မဟုတ်) ပုံပြင် တစ်ပုဒ်ကို အလွယ်တကူ ဖြေဆိုရန် ဉာဏ်မမီသောကြောင့်လား စသောအချက်ကို တွေးမိသည့်အတွက် ဤ မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ (၁)(၂) ပါပုံပြင် (၂)ပုဒ်ကို အလေ့လာခံအဖြစ်ထားကာ လေ့လာသုတေသန ပြုရခြင်းဖြစ်ပါသည်။

ထိုသို့လေ့လာခြင်းဖြင့် လက်ရှိပညာရေးစနစ်၏ ပြောင်းလဲမှုပုံစံနှင့် သင်ကြားသင်ယူမှုနည်းနာများကိုသိရှိနိုင်ပြီး ပုံပြင်များ၏ အရေးပါမှုကို ဖော်ထုတ်ရာရောက်ကာ မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုလည်း မြှင့်တင်ရာရောက်မည်ဟု မျှော်လင့်ပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်ချက်အနေဖြင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသနဂျာနယ် (၂၀၁၉)တွင် ပါဝင်ခဲ့သော ဒေါက်တာမောင်မောင်ခင်၏ ရှုမဝမဂ္ဂဇင်းမှ ကျေးဇူးသိတတ်ခြင်းနှင့် ဆိုင်သော ပုံပြင်များလေ့လာချက် စာတမ်းနှင့် ဒေါက်တာကြည်ကြည်ဝင်း၏ ရခိုင်ရိုးရာကျေးလက် ပုံပြင်များမှ အတွေးအမြင်စာတမ်းများကို တွေ့ရှိရပါသည်။ ထိုစာတမ်းများသည် ပုံပြင်များမှရရှိသော အတွေးအမြင်များကို လေ့လာထားသော စာတမ်းများဖြစ်ကြပါသည်။ ဤစာတမ်းကို လေ့လာတင်ပြ ရာတွင် ပုံပြင်ကို အလေ့လာခံအဖြစ်ထားခြင်းမှာ တူညီသော်လည်း ရွေးချယ်သော အလေ့လာခံ ပုံပြင်ချင်း မတူပေ။ ထို့ပြင် ပုံပြင်များကို ၂၁ ရာစုနည်းနာဖြင့် ချိတ်ဆက်တင်ပြသော စာတမ်းမျိုးမရှိသေးသောကြောင့် လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

## နည်းနာ

နည်းနာအဖြစ် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာဟူ၍ အခန်းခွဲကာ လေ့လာတင်ပြမည်ဖြစ်ပါသည်။

**ပညာရပ်ဆိုင်ရာနည်းနာ**

ပညာရပ်ဆိုင်ရာနည်းနာအဖြစ် သင်ကြားသင်ယူမှုနည်းနာများဖြစ်သော လက်ရှိကျင့်သုံး နေသည့် ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများကို အခြေခံကာ ချဉ်းကပ်လေ့လာသွားမည်ဖြစ်ပါသည်။ ၂၁ ရာစု ကျွမ်းကျင်မှုဆိုင်ရာ နည်းနာ (၅)ရပ်မှာ -

၁။ ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)

၂။ ဆက်သွယ်ပြောဆိုခြင်း (Communication)

၃။ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)

၄။ တီထွင်ဖန်တီးခြင်း (Creativity and Innovation)

၅။ နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship)

တို့ဖြစ်ပါသည်။

လက်ရှိပညာရေးစနစ်သည် ဆရာဗဟိုပြုသင်ကြားရေးစနစ်မှ ကျောင်းသားဗဟိုပြုစနစ်သို့ ပြောင်းလဲလာနေပြီဖြစ်ပါသည်။ ထိုသို့ပြောင်းလဲလာသည်နှင့်အမျှ သင်ကြားသင်ယူမှုဆိုင်ရာ နည်းနာများသည်လည်း မတူကွဲပြားလာကြပါသည်။ လက်ရှိတွင် သင်ရိုးညွှန်းတမ်းကော်မတီ၏ မူဝါဒဖြစ်သော ၂၁ ရာစု သင်ကြားသင်ယူမှုနည်းနာများ (21st Century Skills) ဖြင့် ဆွေးနွေးပို့ချသည့်ပုံစံကို ပြောင်းလဲလာနေကြောင်း တွေ့ရပါသည်။

၂၁ ရာစု ကျွမ်းကျင်မှုနည်းနာသည် မျက်မှောက်ခေတ်၏ လိုအပ်ချက်ကို တုံ့ပြန်ရန်အတွက် ပေါ်ထွက်လာသော ပညာရေးစနစ်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ပညာရေးစနစ်၏ ရည်ရွယ်ချက်သည် -

> “ကျောင်းသားများ သင်ယူသူလူငယ်လူရွယ်များကို ၂၁ရာစုအတွက် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများတတ်မြောက်ရန်” (စာ -၇)

ဖြစ်ကြောင်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ထိုကျွမ်းကျင်မှုများကို အသုံးပြုကာ သင်ယူပြီးသမျှကို နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချနိုင်ရေး အတွက် စဉ်းစားတွေးခေါ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပါဝင်လုပ်ဆောင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ထို့ပြင်တွေးခေါ်ကြံဆပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလ ငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ထွန်းရေးအတွက် ဦးတည်လေ့ကျင့်ပေးရန် လိုအပ်ပါသည်။

သင်ကြားသင်ယူမှုပြုရာတွင် သင်ယူမှုပန်းတိုင်များနှင့်ပတ်သက်၍ -

> “စာသင်ခန်းမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများသည် အသိပညာ(Knowledge)၊ နားလည်သဘောပေါက်မှု(Understanding)၊ ကျွမ်းကျင်မှု(Skill)နှင့် တတ်ကျွမ်းမှု

(Competence) များရှိပြီး ပိုမိုခက်ခဲသော အခြေအနေများ၊ ပြဿနာများတွင် လိုက်လျောညီထွေစွာ အသုံးချနိုင်ရေးသည် သင်ယူမှုပန်းတိုင်များပင်ဖြစ်ပါသည်။

(စာ -၂၉)

ဟူ၍ဆိုထားပါသည်။ ထိုသင်ယူမှု၏ အကျိုးရလဒ်များအဖြစ် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသော ဗလငါးတန်ပြည့်စုံသော ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာရေးကို ဦးတည်နေကြောင်း တွေ့ရပါသည်။

ထိုကျွမ်းကျင်မှုများ တိုးတက်လာစေရန်အတွက် ထိုကျွမ်းကျင်မှုနည်းနာများနှင့်အညီ သင်ရိုးညွှန်းတမ်းအဖွဲ့က ပြဋ္ဌာန်းစာများကို ရွေးချယ်ပြဋ္ဌာန်းသကဲ့သို့ သင်ကြား၊ သင်ယူသူများဘက်ကလည်း ထိုကျွမ်းကျင်မှုမျိုး ရရှိပိုင်ဆိုင်စေရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ ထိုသို့သင်ကြားရာတွင် ဆရာဆရာမက သင်ခန်းစာတစ်ခုကို အစပျိုးခြင်း(Introduction)၊ စူးစမ်းရှာဖွေခြင်း(Exploration)၊ အသုံးချခြင်း (Application) ဟူသော ယေဘုယျချဉ်းကပ်နည်းကို အသုံးပြုကာ သင်ခန်းစာ အကြောင်းအရာများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးရမည်ဖြစ်ပါသည်။ သင်ခန်းစာပါအကြောင်းအရာနှင့် ပတ်ဝန်းကျင်လောကကို ချိတ်ဆက်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ အသိပညာနှင့် တတ်ကျွမ်းမှု၊ အသုံးချမှုကို ဖြည့်ဆည်းမွေးမြူပေးရမည်ဖြစ်ပါသည်။

အမှန်စင်စစ် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ "သီကုံးပန်းသွင်နေ့တိုင်းဆင်" ကဗျာလာ "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ" ဟူသော ပညာသင်ယူမှုနည်းနာများဖြင့် ရင်းနှီးပြီးသား မြန်မာလူမျိုးများအတွက် ယနေ့ခေတ် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် စိမ်းမည်မဟုတ်ပေ။ ရှင်မဟာရဋ္ဌသာရ၏ သင်ယူမှုနည်းနာများနှင့် ၂၁ရာစုကျွမ်းကျင်မှုနည်းနာများသည် အခေါ်အဝေါ်သာ ကွဲပြားသော်လည်း သင်ကြားသင်ယူမှုနည်းနာသဘောတရားချင်း ဆက်စပ်မှု၊ တူညီမှုရှိသည်ကို တွေ့ရပါသည်။

သို့ဖြစ်ရာ ထိုသင်ကြားမှုနည်းနာများကို အခြေခံကာ ဤစာတမ်းတွင် မြန်မာစာပေ၏ တန်ဖိုးကို သိရှိလာနိုင်စေရုံသာမက ၂၁ ရာစုကျွမ်းကျင်မှုဆိုင်ရာ သင်ကြားသင်ယူမှုနည်းနာများကိုလည်း လေ့လာနိုင်မည်ဖြစ်ပါသည်။

## သုတေသနနည်းနာ

သုတေသနနည်းနာအဖြစ် သင်ကြားသင်ယူမှုနည်းနာများအပေါ်အခြေခံပြီး ဆန်းစစ်လေ့လာသည့်နည်းနာကို အသုံးပြုကာ ပုံပြင်များကို သင်ကြားခြင်းဖြင့် ရရှိလာနိုင်သောအကျိုးရလဒ်ကို ဖော်ထုတ်သုတေသနပြုထားပါသည်။

## စိစစ်လေ့လာချက်

ဤစာတမ်းတွင်လေ့လာတင်ပြထားသော ပုံပြင်များသည် ဒဿနိကဗေဒအထူးပြု၊ ပထမနှစ်တန်းတွင် Elective Courses အဖြစ်သင်ကြားသော မ ၁၀၀၅၊ မ ၁၀၀၈ မြန်မာ့ရိုးရာပုံပြင်များ(၁)(၂)တွင် ပါရှိသော ပုံပြင် (၂)ပုဒ်ဖြစ်ပါသည်။ ထိုပုံပြင်များသည် လူထုဦးလှ၏ ကျောင်းကန်အနီးမှ မြန်မာပုံပြင်များစာအုပ်မှ ကောက်နုတ်ထားသော ပုံပြင်များဖြစ်ပါသည်။ ယခုလေ့လာတင်ပြမည့်ပုံပြင်များသည်

လူ့သဘော လူ့သဘာဝကို ဖော်ပြနေသော ပုံပြင်များဖြစ်ပါသည်။ တစ်နည်းအားဖြင့် တက္ကသိုလ်ဝင်တန်း အောင်ပြီး ဆယ်ကျော်သက်အရွယ် ကျောင်းသားလူငယ်တို့အတွက် ရည်ရွယ်ပြဋ္ဌာန်းထားသော ပုံပြင်များဖြစ်ရာ လူ့သဘောလူ့သဘာဝများကို ဦးစားပေးတင်ပြထားသည့်သဘောဟု ယူဆနိုင်ပါသည်။ ကျေးလက်ပုံပြင်များသည် ကျေးလက်နေသူတို့၏ဓလေ့ကိုဖော်ကျူးရင်း လူငယ်လူရွယ်များကို လိမ္မာရေးခြားရှိစေရန်၊ အပျင်းပြေစေရန်၊ အသိအလိမ္မာတိုးစေရန် စသောရည်ရွယ်ချက်များဖြင့် ပြောပြမှတ်သားခဲ့ကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုလေ့လာ တင်ပြထားသော ပုံပြင်များကို သင်ကြားရာတွင်လည်း ထိုရည်ရွယ်ချက်များကို ရောက်အောင် သင်ကြားပေးရန်လိုအပ်ပါသည်။

ပုံပြင်ကိုစတင်သင်ကြားမည်ဆိုပါက ပုံပြင်ပုဒ်ရင်းများကို မသင်ခင်ပုံပြင်၏သမိုင်းကြောင်း၊ ပုံပြင်၏သဘောတရားများကို ဦးစွာအသိပေးသင်ကြားရမည်ဖြစ်သည်။ ဆရာ၊ ဆရာမက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ကာ ကလေးများအား အမေးအဖြေများပြုခိုင်းခြင်းဖြင့် သင်ခန်းစာကိုစတင်ရန် လိုအပ်ပါသည်။

ပထမဦးစွာ ကျေးလက်ပုံပြင်များ၏ သဘောသဘာဝကို ဦးစွာပြောပြရန်လိုအပ်ပါသည်။ ကျေးလက်ပုံပြင်များကို ရိုးရာပုံပြင်ဟုလည်းခေါ်ကြောင်း ရှင်းပြရန်လိုအပ်ပါသည်။ ထိုသို့ပြောကြားရန်အတွက် ရိုးရာပုံပြင်စာပေစာတမ်းများကို ဖတ်ရှုထားရန်နှင့် ထိုစာတမ်းများကို ကိုးကား၍သင်ကြားရန်လိုအပ်ပါသည်။ ဤနေရာတွင် ရိုးရာပုံပြင်နှင့်ပတ်သက်၍ အနည်းငယ်တင်ပြပါမည်။

မြန်မာ့ရိုးရာပုံပြင်စာတမ်းများ (၁၉၈၅) စာအုပ်တွင် -

> “ရိုးရာပုံပြင်များသည် နှုတ်ဖြင့်အဆင့်ဆင့်သယ်ဆောင်လာခဲ့ကြသော နှုတ်ဆောင်ပုံပြင်ဖြစ်သည်မှာမှန်ပါသည်။ သို့သော် အမှန်တကယ်သယ်ဆောင်လာခဲ့သူမှာ နှုတ်မဟုတ်။ မှတ်ဉာဏ်သာလျှင်ဖြစ်ပါသည်။ မှတ်ဉာဏ်၏စေ့ဆော်မှုကြောင့် နှုတ်ကပြောခြင်းဖြစ်သည်။ (စာ ၆၃)

ဟူ၍ ရိုးရာပုံပြင်များသည် နှုတ်ဆင့်ကမ်းသယ်ဆောင်ခဲ့ခြင်းသဘောကို ဖွင့်ဆိုထားပါသည်။ ရိုးရာပုံပြင်၏ အင်္ဂါရပ်များနှင့်ပတ်သက်၍ -

“၁။ ရိုးရာပုံပြင်သည် ခေတ်အဆက်ဆက်က ရှေးလူတို့အဆင့်ဆင့် သယ်ဆောင်လာခဲ့သော နှုတ်ဆောင်စာပေဖြစ်ခြင်း

၂။ ရိုးရာပုံပြင်စတင်ပေါ်ပေါက်ချိန်တွင် ရိုးရာပုံပြင်ပြောပြသူတို့သည် များသောအားဖြင့် စာပေမတတ်ကြသူများဖြစ်ခြင်း

၃။ ပုံပြင်ပြောသည့် အလေ့အထသည် ကျေးလက်တောရွာနေ တောင်သူလယ်သမားတို့၏ ယဉ်ကျေးမှုဖြစ်ခြင်း” (စာ ၂၈)

ဟူ၍ ဖော်ပြထားပါသည်။

ရိုးရာပုံပြင်၏ တာဝန်နှင့်ပတ်သက်၍လည်း -

“၁။ ပညာပေးခြင်း

၂။ ထိန်းသိမ်းခြင်း

၃။ အဆုံးအဖြတ်ပေးခြင်း

၄။ ဓလေ့ထုံးစံသတ်မှတ်ခြင်း

၅။ ယဉ်ကျေးမှုအမွေအနှစ်ကိုအဆက်မပြတ်အောင်ထိန်းသိမ်းခြင်း

၆။ နိုင်ငံရေးတာဝန်” (စာ ၁၆၁-၁၆၂) ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ပုံပြင်သင်ကြားမည့် ဆရာ၊ ဆရာမသည် ပုံပြင်နှင့်ပတ်သက်သော ထိုသဘောများကို တီးခေါက်မိအောင် ဖတ်မှတ်လေ့လာ ထားရန်လိုအပ်ပါသည်။ ထို့ပြင်ပုံပြင်ကို နားထောင်လိုက်၊ သင်ကြားလိုက်သည်နှင့် ရရှိမည့်အကျိုးကျေးဇူးများ၊ အကျိုးသက်ရောက်မှုများကိုလည်း နားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ ပုံပြင်၏အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ -

> “ပုံပြင်နားထောင်သော အလေ့အကျင့်မရှိသော ကလေးထက် ပုံပြင်နားထောင်ကျင့်ရှိသော ကလေးကပြောရေးဆိုမှု၌ ပြေပြစ်ကျွမ်းကျင်သည်။ ယဉ်ကျေးဖွယ်ရာ ရှိသည်။ ချစ်တတ်ခင်တတ်သော နှလုံးသားနှင့် မွန်ရည်သောစိတ်သဘောထားလည်းရှိ၏” (စာ -၁၃၅)

ဟုလည်းကောင်း၊

> “ပုံပြင်သည် ဝတ္ထုထက် ပိုမို၍ထိရောက်သည်။ တိုတိုနှင့်လိုရင်းရောက်သည်။ ရည်ရွယ်ချက် ဦးတည်ချက်ရှိသည်။ သင်ခန်းစာကိုလည်းကောင်း၊ အတွေးသစ်အမြင်သစ်ကိုလည်းကောင်းပေးသည်။ စိတ်ဝင်စားဖွယ်လည်းဖြစ်သည်” (စာ-၁၄၀)

ဟု လည်းကောင်း ပုံပြင်၏ အကျိုးသက်ရောက်မှုသဘောကို ဖွင့်ဆိုထားကြောင်း တွေ့ရပါသည်။

ထို့ပြင် -

> “အသိအလိမ္မာနည်းပါးသေးသော ကလေးငယ်များအတွက် ရယ်မောစရာ၊ အံ့ဩစရာများကိုပေးပါသည်။ လူငယ်များအတွက်မူ စိတ်ဝင်စားဖွယ်၊ အံ့ဩဖွယ်များနှင့် စဉ်းစားစရာများကိုပေး၍ လူလတ်ပိုင်းနှင့် လူကြီးပိုင်းအရွယ်များအတွက်မူ စိတ်ဝင် စားဖွယ်နှင့် ထူးဆန်းထွေလာများသည် သာမည၊ အလေးအနက်တွေးတောဆင်ခြင်ခြင်းနှင့် သုံးသပ်ခြင်းသည်သာ အဓိကဖြစ်ပါတော့သည်” (စာ-၈၀)

ဟုဆိုထားပေရာ ပုံပြင်သည် အသက်အရွယ်မရွေး စိတ်ဝင်စားမှုကိုပေးစွမ်းနိုင်ကြောင်းသိရပါသည်။

တစ်နည်းအားဖြင့် ပုံပြင်နှင့် ကလေး၊ ကလေးနှင့်လူကြီး၊ လူကြီးနှင့်လူ့လောကသည် ဆက်စပ်မှုရှိနေသည်ဟုဆိုနိုင်ပါသည်။ ပုံပြင်များကြောင့် ကလေးငယ်များသည် အသိအမြင်များ ကြွယ်ဝလာနိုင်ပြီး

နောင်တစ်ချိန် လူကြီးဘဝသို့ရောက်သောအခါ လောက၏သဘောကိုသိရှိပြီး လူ့လောကကောင်းကျိုးအတွက် ဖြည့်ဆည်းချင်စိတ်ဖြစ်လာမည်ဖြစ်ပါသည်။

ပုံပြင်၏ ကလေးများအပေါ် အထောက်အပံ့ပြုမှုနှင့်ပတ်သက်၍ ဆရာအောင်သင်းက

၁။ လူ့လောကကို ယုံကြည်စိတ်ချစေသည်။

၂။ အသိုင်းအဝိုင်းတစ်ခု၌ ပါဝင်နေကြောင်း အမှတ်ပြုမိစေသည်။

၃။ မေတ္တာကို ခံစားမိစေသည်။

၄။ အကျိုးပြုလိုစိတ်ပေါ်စေသည်။

၅။ အပြောင်းအလဲကစားနည်းတစ်မျိုးကိုဖြစ်စေသည်။

၆။ ရသ (ဝါ) အလှမွတ်သိပ်မှုကို ပြေစေသည်။ (စာ ၁၂၀)

ဟု ပုံပြင်၏ အကျိုးရလဒ်ကို တင်ပြထားပါသည်။

ပုံပြင်ကိုသင်ကြားရာတွင် ပုံပြင်၏သဘောသဘာဝ၊ ပုံပြင်၏အကျိုးသက်ရောက်မှုများကို သိရှိပြီးသော ဆရာ၊ ဆရာမသည် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပုံပြင်များကို နားထောင်ခဲ့ဖူးခြင်း၊ ဖတ်မှတ်ခဲ့ဖူးခြင်း ရှိ၊ မရှိ ဆန်းစစ်နိုင်ပါသည်။ ထိုမှတစ်ဆင့် ပုံပြင်နှင့်ရင်းနှီးခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ပုံပြင်ဖြင့် မနီးစပ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ခွဲခြားသိမြင် ပြီး ကျောင်းသားကျောင်းသူများကို မည်သို့ကိုင်တွယ် သင်ကြားရမည်ဖြစ်ကြောင်း အဖြေရှာနိုင်မည်ဖြစ်ပါသည်။ ကျောင်းသားကျောင်းသူများ၏ ဦးနှောက်တွင် စွဲမြဲနေမည့် ပုံပြင်များရှိပါက ပြောပြနိုင်စေရန် လမ်းကြောင်းပေးခြင်းဖြင့်လည်း သင်ခန်းစာကို စိတ်ပါဝင်စားစေရန် နှိုးဆွပေးနိုင်မည် ဖြစ်ပါသည်။ ထိုသို့သင်ခန်းစာကို အစပျိုးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication)စွမ်းရည်များကို တိုးတက်လာအောင် အထောက်အကူပြုပေးနိုင်မည် ဖြစ်ပါသည်။

အလေ့လာခံအဖြစ်တင်ပြမည့် ပုံပြင်(၂)ပုဒ်သည် ဒဿနိကဗေဒအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက် မြန်မာစာဌာနက ပို့ချရသော Elective Course ဖြစ်ပါသည်။ ယခုအခါတွင် သင်ရိုးများပြောင်းလဲပြဋ္ဌာန်းသကဲ့သို့ ပညာရေးစနစ်များလည်း ပြောင်းလဲလျက်ရှိရာတွင် အချို့တက္ကသိုလ်များ၌ ထိုဘာသာရပ်ကို ယူခြင်းမရှိတော့ကြောင်း သိရပါသည်။ ထိုဘာသာရပ်တွင် ပြဋ္ဌာန်းထားသောပုံပြင်များတွင် အချို့ပုံပြင်များသည် ငယ်စဉ်ကသိရှိသင်ကြားခဲ့ဖူးသော ပုံပြင်များပါဝင် ပါသည်။ မည်သို့ပင်ဖြစ်စေ ပုံပြင်များသည် အတွေးအခေါ်ကို အဓိကသင်ပေးသော ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူများအတွက် အသိအမြင်အတွေးအခေါ်ကို တိုးပွားလာစေနိုင်ရန် အထောက်အကူပြုသော ပုံပြင်များဟုဆိုနိုင်ပါသည်။

ယခုလေ့လာတင်ပြရန်အတွက် ရွေးချယ်ထားသော ပုံပြင်နှစ်ပုဒ်မှာ မော်ဂျူးနံပါတ် မ ၁၀၀၈ ပါ ဘုန်းကြီးရှေ့ကကြွပစေဟော့နှင့် နင်မပါဘူးပြန်ဝင် ပုံပြင်တို့ ဖြစ်ပါသည်။ 'ဘုန်းကြီးရှေ့က ကြွပစေဟော့' ပုံပြင်သည် နေရာတကာသြဇာပေးတတ်သော လူများရှိတတ်ကြောင်း သင်ခန်းစာပေးလိုခြင်းဖြစ်ပါ

သည်။ ပုံပြင်တွင်ငထွားဆိုသော ဇာတ်ဆောင်ကိုဖန်တီးကာ ငထွား၏နေရာတကာပါတတ်ပုံကို ဇာတ်လမ်းဆင်ထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။ 'နင်မပါဘူးပြန်ဝင်' ပုံပြင်သည်လူတို့၏ စိတ်သဘာဝနှင့် အခြေအနေအချိန်အခါကိုလိုက်၍ ပြောင်းလဲတတ်သောသဘောကို ရဟန်းလူထွက်ကို ရိုးဟူသော ဇာတ်ဆောင်၏ အဖြစ်အပျက်ဖြင့် တင်ပြထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။

ထိုပုံပြင်(၂)ပုဒ်ကို သင်ကြားပေးမည့်သူသည် အဓိကအားဖြင့် မြန်မာစာဆရာဖြစ်ပါသည်။ ပုံပြင်များကို လက်ခံနားထောင်သင်ယူသူများသည် မြန်မာနိုင်ငံတွင်နေသော၊ မြန်မာစကားကို နားလည်သော၊ မြန်မာစာကိုဖတ်တတ်သော မြန်မာလူမျိုး ကျောင်းသား၊ ကျောင်းသူများဖြစ်ပါသည်။ သို့ဖြစ်ရာ သင်ကြားသူရောသင်ယူသူပါ ဤပုံပြင်များကို ဖတ်လိုက်သည်နှင့်နားလည်ပြီးဖြစ်ပါသည်။ ထို့ပြင်မြန်မာလူမျိုးအများစုသည် ငယ်စဉ်ကပင် ပုံပြင်များနှင့် ကြီးပြင်းခဲ့ကြသူများဖြစ်ပါသည်။ အသက်အရွယ်ကြီး ရင့်လာသောအခါ ပုံပြင်များကို ပစ်ပယ်တတ်ခဲ့ကြပါသည်။ သို့ဖြစ်ရာ ကလေးဘဝက နားထောင်ခဲ့ဖူးသော ပုံပြင်များကို သေးငယ်သည်ဟု ယူဆ၍မရပေ။ ပုံပြင်ထဲမှရရှိခံစားခဲ့ကြသော ခံစားမှုသင်ခန်းစာများသည် ကြီးပြင်းလာသောအခါ တစ်စုံတစ်ရာသော ပြဿနာများကို ဖြေရှင်းရာတွင်အခြေခံ အကြောင်းတရားများဖြစ်ကြောင်း အသိအမြင်ရလာအောင် သင်ကြားပေး ရမည့် တာဝန်ရှိပါသည်။

ယခုလေ့လာတင်ပြထားသော ပုံပြင်(၂)ပုဒ်ကို စတင်သင်ကြားမည်ဆိုပါက ဆရာ၊ ဆရာမက ဦးဆောင်ဖတ်ခိုင်းခြင်း၊ ကလေးများအား စိတ်အတွင်းမှ ဖတ်ခိုင်းခြင်း စသောနည်းများဖြင့် ပုံပြင်သင်ခန်းစာကို စတင်သင့်ပါသည်။ ပုံပြင်ပါဇာတ်ဆောင်များဖြင့် မိတ်ဆက်ပေးကာ ပုံပြင် အကြောင်းအရာဖြစ်ရပ်ကို ကျောင်းသားများ နားလည်သဘောပေါက်စေရန် တစ်ဆင့်ချင်းပြောပြ ရှင်းပြရမည်ဖြစ်ပါသည်။ ထိုသို့ရှင်းပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration)၊ ဆက်သွယ်ပြောဆိုခြင်း (Communication) စွမ်းရည်များကို တိုးတက်လာစေအောင် ပြုလုပ်ပေးနိုင်ပါသည်။

'ဘုန်းကြီးရှေ့ကကြွပစေဟေ့' ပုံပြင်တွင် ဇာတ်ဆောင်မှာ 'ငထွား' ဆိုသူဖြစ်ပြီး သူ၏ဝိသေသအဖြစ် "ရွာတစ်ရွာတွင် ဩဇာအလွန်ပေးလေ့ပေးထရှိသော ငထွားဆိုသူတစ်ဦးရှိလေသည်။ ငထွားကို အလွန်လျှာရှည်သူ၊ ဩဇာပေးတတ်သူဟု ရွာသူရွာသားများကသိကြသဖြင့် ဩဇာပေးသမားငထွားဟူသောဘွဲ့ကို ပေးထားကြလေ၏" ဟူ၍ ပုံပြင်နိဒါန်းတွင်ဖော်ပြထားပြီးဖြစ်ရာ ငထွား၏ စရိုက်ကို ရိပ်မိပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ စာဖတ်သူကို မည်သို့သောအဖြစ်အပျက်နှင့် ငထွား၏စရိုက်ကို တင်ပြမည်နည်းဟူ၍ စိတ်ဝင်စားလာအောင် ဖန်တီးထားကြောင်း တစ်ဆင့်ချင်းပြောပြရန် လိုအပ်ပါသည်။ အသုဘတစ်ခုတွင် ဘုန်းကြီးများကို ဆွမ်းကျွေးရာပို့နေသော ထမင်းဟင်းများကိုလာရောက် ဝိုင်းကူလုပ်ကိုင်ပေးသူတို့က သွန်ပစ်လိုက်ကြရာ ငထွားက "အေး မကောင်းတာတွေဆို သွန်ပစ်မှပေါ့ကွ" ဟု ဝင်ရောက်ပြောဆိုပုံ၊ ငထွားကထိုသို့ပြောလိုက်သောအခါ ငထွားကို အမြင်ကပ်သဖြင့် ထမင်းဟင်းများကို ပြန်ကောက်ထည့်လိုက်ကြပုံ၊ ထိုအခါငထွားက "အေးဟေ့ ကောင်းတာလေးတွေလည်း ရွေးပြီးပြန်ကောက်ထည့်ဦးမှပေါ့ကွ" ဟု ပြန်ပြောပုံ၊ ထိုအခါ လုပ်ကိုင်နေသူများက ဒေါသထွက်က အကုန်လုံးကို သွန်ပစ်လိုက်ကြရာ "အေးကွာမကောင်းလည်း အကုန်သွန်ပစ်လိုက်ပါတော့"ဟု ဩဇာပေးပုံကို တွေ့ရပါသည်။ ဩဇာပေးရာတွင် တစ်ဆင့်ပြီးတစ်ဆင့် ရောင့်တက်စွာ ဩဇာပေးပုံကို တွေ့နိုင်ပါသည်။ ထို့နောက်

အသုဘချချိန်ရောက်သောအခါ အခြားသူများက အိပ်ပျော်နေသော ငထွားကိုမနှိုးဘဲ အသုဘချသွားကြလေသည်။ အသုဘချသူများ ရွာတစ်ဝက်ခန့် ရောက်သောအခါမှ ငထွားနိုးလာရာ အသုဘချသူများနောက်သို့အပြေးလိုက်၍ "ဟေ့ ဘုန်းကြီးရှေ့က ကြွပစေဟေ့" ဟုအော်ကာ ဩဇာပေးလိုက်ကြောင်း ဖော်ပြနိဂုံးချုပ်ထားရာ ပုံပြင်ဖတ်သူများကို ပြုံးရယ်မိစေပါသည်။ နေရာတကာဩဇာပေးတတ်သော ငထွား၏စရိုက်ကို ရယ်မောရွှင်ပြုံးဖွယ် သရုပ်ဖော်ကာ နေရာတကာဩဇာပေးတတ်သည့် လူအချို့ကို သတိပေးလိုသော သဘောဟု ယူဆနိုင်ပါသည်။

'ဘုန်းကြီးရှေ့ကကြွပစေဟေ့' ပုံပြင်အရ လူမှုဆက်ဆံရေးနယ်ပယ်တွင် နေရာတကာ ဆရာလုပ်တတ်၊ ဩဇာလုပ်တတ်သော လူအချို့ကို မြင်ယောင်သတိထားမိလာစေသည့်အပြင် ထိုအကျင့်စရိုက်မျိုးကို လူမှုအသိုင်းအဝိုင်းက လက်မခံတတ်ကြသဖြင့် သတိပြုဆင်ခြင်မိလာစေသည်ကို တွေ့ရပါသည်။ လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်းရပ်တည်ရှင်သန်၍ မရပေ၊ လူအများနှင့် ပေါင်းသင်းဆက်ဆံနေထိုင်ရမြဲဖြစ်ပါသည်။ လူအများနှင့် ပြောဆိုနေထိုင်ရာတွင် လူမုန်းမများအောင် အလိုက်အထိုက် ပြောဆိုဆက်ဆံ ကျင့်ကြံပြုမူရတတ်ပါသည်။ ထိုသဘောများကို မည်သို့နေပါ၊ မည်သို့မနေသင့်ပါဟု တားမြစ်ခြင်းမပြုဘဲ ငထွား၏စရိုက်နှင့် သရုပ်ဖော်လိုက်သဖြင့် ပုံပြင်သည် ပို၍ နှစ်သက်ဖွယ်ဖြစ်လာရသည်ကို တွေ့ရပါသည်။

**'**နင်မပါဘူးပြန်ဝင်' ပုံပြင်သည် 'ကိုရိုး'ဟူသောလူတစ်ယောက်၏ဖြစ်အင်ကို ပြောစကားဟန်ဖြင့် ရေးသားထားသော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။ ပုံပြင်တွင် ဇာတ်ဆောင်ကိုရိုးသည် ရဟန်း လူထွက်ဖြစ်ပြီး မင်္ဂလာဆိုသူနှင့်အိမ်ထောင်ကျကာ အကုသိုလ်ပြုရမည်ကို အလွန်ကြောက်သူဖြစ်ပုံ၊ မိရိုးဖလာတောင်ယာအလုပ်ကို လုပ်ကိုင်သော်လည်း လယ်ထွန်၊ အမှိုက်ပုံမီးရှို့၊ ပေါင်းသင်မှုများ ပြုလုပ် ရသောအခါများတွင် အကုသိုလ်မဖြစ်အောင် ရှောင်ရှားလေ့ရှိကြောင်း ကိုရိုး၏စရိုက်ကို ဦးစွာတင်ပြ ထားပါသည်။ ကိုရိုးသည် ထွန်ယက်ပေါင်းပေါက်ရသောအခါများတွင် အခင်းထိပ်မှနေ၍ "ငါဟာကနေ့ ဒီလယ်ဒီယာကို အမှန်ထွန်ရ၊ ပေါင်းပေါက်ရတော့မယ်။ ဒါကြောင့် ဒီလယ်ထဲရှိ သေးသေးမွှားမွှား ပိုးသတ္တဝါတွေဟာ လွတ်ရာကျွတ်ရာဌာနကို ရွှေ့ပြောင်းကြပါ"ဟု ဘေးလူများကြားအောင် အသံထုတ်ပြီး သုံးကြိမ်သုံးခါ အော်ပြီးမှသာ လယ်ယာထဲဆင်းပြီး ထွန်ယက် ပေါင်းသင် လေ့ရှိကြောင်း ဖော်ပြထားပါသည်။ ထိုသို့ သုံးကြိမ်သုံးခါ အော်ဟစ်ပြောလေ့ရှိသော ကိုရိုး၏အဖြစ်သည် မိမိအကုသိုလ် မလုပ်ကြောင်း၊ မကောင်းမှု မလုပ်ကြောင်းကို လူအများအားသိစေလိုသော၊ အထင်ကြီးမှုကိုလိုချင်သော လူတို့၏သဘာဝထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

တစ်နေ့တွင်ကိုရိုးသည် လယ်ကွက်တစ်ခုတွင် အမှိုက်များကို ထွန်တိုက်ပြီး မီးရှို့ရတော့မည့်နေ့တွင် လောင်ပုံထဲ၌ ပိုးကောင်ငယ်များကိုတွေ့သဖြင့် မီးမရှို့သေးဘဲ တစ်ရက်ရွှေ့ဆိုင်းလိုက်ပုံကို ဖော်ပြကာ ကိုရိုး၏စရိုက်ကို မိတ်ဆက်ပေးထားပါသည်။ သတ္တဝါများအပေါ် သနားညှာတာတတ်သူ ကိုရိုး၏စရိုက်ကိုပေါ်လွင်စေသည့်အပြင် နောက်တစ်နေ့တွင် မည်သို့ပြုလုပ်မည်ကို သိလိုစိတ်များဖြစ်လာစေပါသည်။

နောက်တစ်နေ့တွင် မီးရှို့ရမည့်လောင်ပုံအနီးတွင်ထိုင်ကာ "အခု ငါဟာဒီလောင်ပုံကို မီးရှို့တော့မယ်၊ ဒါ့ကြောင့် လောင်ပုံထဲက ပိုးကောင်မွှားကောင်တွေ အပြင်ကို အမြန်ထွက်ကြ၊ အမြန်ထွက်ကြ" ဟုသုံးကြိမ်တိုင်တိုင်ဆိုပြီးမှ မီးရှို့ပုံ၊ မီးစရှို့လိုက်သည်နှင့် လောင်ပုံထဲမှ ပိုးကောင်ငယ်များသည် အပြေးအလွှားထွက်လာကြရာ ကိုရိုးက "ထွက်ကြ ထွက်ကြ၊ ချမ်းသာတဲ့ဆီသွားကြ၊ ချမ်းသာတဲ့ ဆီသွားကြ" ဟု တဖွဖွပြောဆိုနေပုံ၊ ထိုအချိန်တွင် မီးအပူဒဏ်ကို မခံနိုင်သဖြင့် မြွေပွေးတစ်ကောင်သည် လောင်ပုံထဲမှ ထွက်လာသောအခါ ကိုရိုးသည် "ဟဲ့ ဟဲ့ နင်မပါဘူး ပြန်ဝင် ပြန်ဝင်" ဟုဆိုကာ မြွေပွေးကို တုတ်တစ်ချောင်းနှင့် မီးပုံထဲသို့ ပြန်သွင်းလိုက်ပုံဖြင့် နိဂုံးချုပ်ထားသည်။

သတ္တဝါများအပေါ် သနားညှာတာသဖြင့် ရွှေ့ပြောင်းချိန်ရအောင် တစ်ရက်နောက်ကျမှ မီးလာရှို့သော ကိုရိုး၏စိတ်သည် မြွေပွေးနှင့်တွေ့သောအခါ သနားညှာတာမှုမရှိတော့ဘဲ ပြောင်းလဲသွားကြောင်း တင်ပြလိုက်ခြင်းဖြင့် လူတို့၏ ပြောင်းလဲတတ်သောစိတ်သဘာဝကို ရိပ်မိနိုင်ပါသည်။ မိမိကို အန္တရာယ်မပြုနိုင်သည့် ပိုးကောင်များအပေါ်တွင် အသက်ရှင်သန်စေလိုသော မုဒိတာစိတ်သနား ညှာတာစိတ်ထားနိုင်သော်လည်း မိမိကိုအန္တရာယ်ပြုနိုင်သည့် သတ္တဝါအပေါ်တွင်မူ ညှာတာသနားစိတ်၊ မုဒိတာစိတ်မထားနိုင်သည့် လူ့သဘာဝကို အထင်အရှားမြင်တွေ့ရပါသည်။ ထို့ပြင်လူတို့၏စိတ်သည် ပြောင်းလဲတတ်သောသဘောရှိပြီး အတွင်းစိတ်နှင့် အပြင်စိတ်တို့၏ အားပြိုင်မှုကို ပေါ်လွင်ထင်ရှား လာစေသည်ဟု ဆိုနိုင်ပါသည်။

ပုံပြင်တွင် ထိုသဘောတရားများကို ပေါ်လွင်အောင် ကိုရိုး၏ တိုက်ရိုက်ပြောစကားများဖြင့်လည်းကောင်း၊ ကိုရိုး၏အပြုအမူများကို မြင်သာစေသည့် သရုပ်ဖော်အဖွဲ့များဖြင့်လည်းကောင်း အစီအစဉ်တကျဖန်တီးရေးသားထားကြောင်း တွေ့မြင်ရပါသည်။ ကိုရိုး၏ပြောင်းလဲသွားသော စိတ်အခြေအနေကို ပြုံးရွှင်ဖွယ်ဖြစ်အောင် ဖန်တီးထားပြီး ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘောသဘာဝနှင့် ထင်ဟပ်ပြထားသည်ဟုဆိုနိုင်ပါသည်။

ပုံပြင်များကိုသင်ကြားရာတွင် ပုံပြင်၏အကြောင်းအရာကိုသာမက အရေးအသားပိုင်းကိုလည်း ထည့်သွင်းပြောပြရန်လိုအပ်ပါသည်။ ပုံပြင်(၂)ပုဒ်သည် အတိတ်ကာလဖြစ်ရပ်ကို ပြောလေ့ရှိသည့် ပုံပြင်၏ သဘာဝအတိုင်း "တစ်ခါက" "ရှေးတုန်းက" နှင့်စတင်ကြောင်း၊ ပုံပြင်၏အရေးအဖွဲ့ကိုလည်း ထည့်သွင်းပြောပြရန်လိုအပ်ပါသည်။ ပုံပြင်(၂)ပုဒ်လုံးသည် ရိုးရှင်းသော အရေးအသားများကြောင့် အနက်အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းဖြင့် နားလည်သဘောပေါက်စေသည်ကို တွေ့ရပါသည်။ တိုက်ရိုက်ပြောစကားများဖြင့် ဖော်ပြထားသောကြောင့်လည်း ပုံပြင်ကို ပို၍ စိတ်ဝင်စားလာစေကြောင်း တွေ့မြင်ရပါသည်။ တိုပင်တိုသော်လည်း လူ့သဘောလူ့သဘာဝများဖြင့် ထင်ဟပ်ဖန်တီးထားသည့်အတွက် ဆင်ခြင်စရာဘဝအသိအမြင် ရရှိသောပုံပြင်များဟု ဆိုနိုင်ပါသည်။

ပုံပြင်ကိုသင်ကြားခံရမည့် ကျောင်းသားလူငယ်များသည် အသက်အရွယ်အားဖြင့် ဆယ်ကျော်သက် အရွယ်များဖြစ်ကြပါသည်။ သို့ဖြစ်ရာ ပုံပြင်၏အဖြစ်အပျက်များကို လိပ်ပတ်လည်အောင် သိပြီးဖြစ်သဖြင့် ဥပဒေသကောက်ချက်ဆွဲ မပြသော်လည်း ပုံပြင်ကပေးသော သင်ခန်းစာကို သိနိုင်ကြသည်။ သို့သော် မည်သည့်အတွက် မည်သို့နေကြရန် မည်သို့နေသင့်ကြောင်း ကောက်ချက်ဆွဲပြ လိုက်သည်နှင့်

တစ်ပြိုင်နက် ပုံပြင်ကြီးတစ်ခုလုံးကို စိတ်ဝင်တစားနားထောင်ခဲ့သမျှသည် မလိုက်နာချင်စဖွယ် ခံစားချက်မျိုးဖြစ်သွားတတ်ကြသည့် သဘောရှိပါသည်။ ထိုသဘောကိုကောင်းစွာ နားလည်သည့်သဘောဖြင့် ပုံပြင်နှစ်ပုဒ်လုံးတွင် ထိုသို့ ကောက်ချက်ဆွဲပြခြင်းမျိုးကို မတွေ့ရပေ။

ပုံပြောခြင်း၊ ပုံပြင်သင်ကြားခြင်းသည် ကောင်းမွန်သော ဓလေ့တစ်ခုဖြစ်ပါသည်။ ပုံပြင်နားထောင်ရဖန်များသော ကလေးသည် ပုံပြင်၌စိတ်ဝင်စားသည်။ ထိုမှတစ်ဆင့် လောက၏ဖြစ်ခြင်း ပျက်ခြင်း၊ သက်ရှိသတ္တဝါတို့၏ သဘောသဘာဝတို့ကို ခွဲခြမ်းစိတ်ဖြာစိစစ်တတ်လာစေသည်။ ပုံပြင်၏ အနှစ်သာရသည် လူသားတို့အတွက် လေးနက်သောရည်ရွယ်ချက်များ၊ အတွေးအမြင်များ၊ သင်ခန်းစာများ၊ ဆင်ခြင်စရာများကိုပေးစွမ်းနိုင်ပေရာ မိမိတို့လူ့လောကတွင် ကြုံဆုံရမည့်အခက်အခဲ ပြဿနာများကို ပုံပြင်မှရရှိသော အသိအမြင်ဖြင့် ဖြေရှင်းနိုင်ကြမည် ဖြစ်ပါသည်။

ပုံပြင်များကို ဆရာ၊ ဆရာမက ဦးဆောင်ဆွေးနွေးခြင်း၊ ကျောင်းသားကျောင်းသူများကို တစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပုံပြင်ကိုဖတ်ခိုင်းခြင်း၊ ပုံပြင်ကို လက်တွေ့သရုပ်ဆောင်စေခြင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ပုံပြင်ထဲက ဇာတ်ဆောင်များ၏ စရိုက်ရှိသူများ ရှိ၊ မရှိ ဆန်းစစ်ခိုင်းခြင်း၊ ရှိပါကမည်သို့ပြုလုပ်မည်၊ မည်သို့ဖြေရှင်းမည်၊ မည်သို့ဆက်ဆံမည်ကို အဖြေရှာခိုင်းခြင်း၊ အလားတူဖြစ်ရပ်မျိုးကြုံတွေ့ခဲ့ခြင်းရှိ၊ မရှိနှင့် ပုံပြင်တစ်ပုဒ်ကို ဖန်တီးရေးသားခိုင်းခြင်းတို့ကို ပြုလုပ်ကာ ကျောင်းသားကျောင်းသူများ၏ မတူညီသော အဖြေများအပေါ် အပြန်အလှန်ဆွေးနွေးရင်း ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေးကို အကဲဖြတ်နိုင်ပါသည်။ ဤသို့ဖြင့် ၂၁ ရာစုနည်းနာများဖြစ်သော လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း၊ ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving)နှင့် တီထွင်ဖန်တီးခြင်း (Creativity and Innovation)စသော စွမ်းရည်များကို မွေးမြူလေ့ကျင့်ပေးရာရောက်ပါသည်။

ပုံပြင်ကို ပုံပြင်တွင်ပင်ရပ်မပစ်ဘဲ လူနေမှုဘဝအထိ ခေါ်ဆောင်ကာ လက်တွေ့အသုံးချနိုင်ရေးအတွက်ပါ ရည်ရွယ်သင်ကြားမည်ဆိုပါက ကျောင်းသားကျောင်းသူများ၏ စိတ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဟူသောစကားအတိုင်း လူ့လောကတွင် တာဝန်ယူရမည့် ကလေးသူငယ်များ၏ အသိဉာဏ်ပညာရင့်သန်ဖို့ရန်မှာ ပုံပြင်များက ပဓာနကျသည်ဟု ထင်မြင်မိပါသည်။ သူတို့၏ စိတ်ကောင်းနှလုံးကောင်း၊ အတွေးသစ်အမြင်သစ်များ၊ မျှော်လင့်ချက်များ အကောင်အထည်ပေါ်လာအောင် ပုံပြင်များက အထောက်အပံ့ပြုနိုင်ကြသည်ဟု ဆိုနိုင်ပါသည်။ ဒေါက်တာအောင်မြင့်ဦးက စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး(၂၀၂၃) စာအုပ်တွင်-

> "ပညာသင်ယူတဲ့အခါ ခံယူတတ်ဖို့ဆိုတာ အလွန်အရေးကြီးပါတယ်။ ခံယူရာမှာ နားထောင်တတ်ဖို့လိုပါတယ်။ နားနှစ်ဖက်နဲ့ နားထောင်ပြီး ဦးနှောက်ထဲကို ရောက်၊ ဦးနှောက်ကမှတစ်ဆင့် နှလုံးသားထဲကို စီးဝင်သွားဖို့လိုပါတယ်" (စာ-၂၁)

ဟုဆိုထားပါသည်။ သို့ဖြစ်ရာ ယခုလေ့လာထားသော ပုံပြင်(၂)ပုဒ်သည် လူ့သဘောလူ့သဘာဝများ ထင်ဟပ်လျက်ရှိနေရာ ပုံပြင်များကို သင်ယူရင်းမှ ဖြစ်တတ်ပျက်တတ် ပြောင်းလဲတတ်သော လူ့သဘာဝကို နားလည်ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။ လူနေမှုဘဝတွင် ပေါင်းသင်းဆက်ဆံရေးနှင့် ပြုမူနေထိုင်ရေးတို့

၌ ဆင်ခြင်သင့်သည့်အချက်များကို ပုံပြင်မှတစ်ဆင့် သိရှိနားလည် လာစေနိုင်ပါသည်။ ထိုမှတစ်ဆင့် ကျောင်းသားကျောင်းသူများသည် စိတ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ကာ ရင့်ကျက်သော စိတ်ကောင်း နှလုံးကောင်းများပိုင်ဆိုင်လာကြမည်ဖြစ်ပါသည်။ မိမိလူမျိုး၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပုခုံးပြောင်း တာဝန်ယူ ဆောင်ရွက်ရမည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခြင်းသည် ၂၁ ရာစုကျွမ်းကျင်မှု နည်းနာများ၌ မပါမဖြစ်သော နိုင်ငံ့သားကောင်း ဖြစ်ခြင်း (Citizenship) စွမ်းရည်ကို ဖြည့်တင်းရာ ရောက်ကြောင်း တွေ့မြင်ရပါသည်။

မြန်မာစာဖတ်တတ်သော မြန်မာလူမျိုးကျောင်းသားများကို ပုံပြင်များသင်ကြားရာတွင် သင်ခန်းစာနှင့် ဆက်နွယ်ကာ ၂၁ ရာစုကျွမ်းကျင်မှုနည်းနာများကို သိမ်မွေ့စွာထည့်သွင်းခြင်းဖြင့် ထပ်မံ သင်ကြားမည့်ပုံပြင်သင်ခန်းစာများကို စိတ်ဝင်တစား ဆက်လက်သင်ယူလိုစိတ်များ ဖြစ်ပေါ် လာအောင် သင်ကြားပေးသင့်ပါသည်။ ပုံပြင်များကို လက်တွေ့ဘဝ၌ ပြောဆိုပြုမူနေထိုင်မှုနည်းလမ်း များအဖြစ် အသုံးချနိုင်အောင်ဖန်တီးပေးခြင်းဖြင့် သင်ကြားသင်ယူမှုအောင်မြင် ပေါက်မြောက်အောင် စွမ်းဆောင် နိုင်ကြမည်ဖြစ်ပါသည်။

## တွေ့ရှိချက်

ပုံပြင်များသင်ကြားရာတွင် ၂၁ ရာစုကျွမ်းကျင်မှု နည်းနာများဖြင့် ချိန်ထိုးသင်ကြားခြင်းဖြင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်းသည် သင်ခန်းစာမှတစ်ဆင့် အသိပညာ၊ အသိပညာအပေါ် နားလည်သဘောပေါက်မှု၊ နားလည်သဘောပေါက်ရာမှ ကျွမ်းကျင်မှုများရရှိပြီး စဉ်းစားဆင်ခြင်ဉာဏ် ရင့်သန်လာကာလက်တွေ့ဘဝတွင် အသုံးချနိုင်မှုစွမ်းရည်များ တိုးတက်လာစေမည်ဖြစ်ပါသည်။ ပုံပြင် များကြောင့် ကလေးလူငယ်များသည် အသိအမြင်များ ကြွယ်ဝလာနိုင်ပြီး နောင်တစ်ချိန် လူကြီးဘဝ သို့ရောက်သောအခါ လောက၏သဘောကိုသိရှိကာ စိတ်ပိုင်းဆိုင်ရာပြည့်ဝရင့်ကျက်၍ လူ့လောက ကောင်းကျိုးအတွက် ဖြည့်ဆည်းချင်စိတ်ဖြစ်လာမည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ကမ္ဘာလောကကြီးတွင် လူဟူသောသတ္တဝါသည် အတ္တအကြီးဆုံးဖြစ်သည်။ အတ္တကြီးသည့် နည်းတူ လူသည်လူ့အကြောင်းကို စိတ်အဝင်စားဆုံးဖြစ်သည်။ သို့ဖြစ်ရာ လူသားတို့၏အကြောင်း ဖွဲ့ဆိုသော လူသားဇာတ်ဆောင်များပါဝင်သော ပုံပြင်များကိုလည်း ဖန်တီးခဲ့ကြပါသည်။ ပုံပြင်များတွင် သိလွယ် မြင်လွယ်သော အကြောင်းကိစ္စရပ်များပါဝင်သကဲ့သို့ ခက်ခဲနက်နဲသော တွေးဆဆင်ခြင်စရာများ လည်း ပါဝင်တတ်ပါသည်။ ထိုအခါမျိုးတွင် မိမိ၏ကိုယ်ပိုင်ဉာဏ်အခံဖြင့် သုံးသပ်ရမည် ဖြစ်ပါသည်။

ယခုလေ့လာတင်ပြထားသော ပုံပြင် (၂)ပုဒ်သည် လူတို့၏ သဘောသဘာဝများကို ရိုးရိုး ရှင်းရှင်း နှင့် လိုရင်းရောက်အောင် ဖန်တီးထားသည်ကိုတွေ့ရပါသည်။ ကဗျာတစ်ပုဒ် စာတစ်ပုဒ် သင်ကြားခြင်း သည်မခက်ခဲသော်လည်း ၂၁ ရာစုကျွမ်းကျင်မှု ဆိုင်ရာနည်းနာများဖြင့် ချိန်ထိုးလေ့လာသင်ကြား ခြင်းသည် လွယ်မယောင်နှင့်ခက်ပါသည်။ ထို့ထက်ဖတ်လိုက်သည်နှင့် နားလည်လွယ်သည့်ပုံပြင်ကို သင်ကြားရခြင်းကပို၍ ခက်ပါသည်။ မြန်မာစာဖြင့်ရေးထားသည့်ပုံပြင်ကို မြန်မာစာဆရာမက မြန်မာ

လူမျိုးကျောင်းသားများ နားလည်အောင် သင်ကြားခြင်းကပို၍ခက်ပါသည်။ သင်ကြားခံရမည့် ကျောင်းသားကျောင်းသူများ၏ အသက်အရွယ်အရ အသင်မတတ်ပါက အထင်သေးခြင်းကိုပင်ခံရနိုင်ပါသည်။

သို့ဖြစ်ရာ ပုံပြင်များကို စိတ်ပါဝင်စားစွာ၊ တက်ကြွစွာဖြင့် ပါဝင်သင်ယူခြင်းမှသည် သတိပြုဆင်ခြင်စရာများကိုဆင်ခြင်လာနိုင်ပြီး စိတ်နှလုံးသားပြည့်ဝသိမ်မွေ့သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ပေါက်လာအောင် မွေးမြူရမည်ဖြစ်ပါသည်။ ပုံပြင်၏ အနှစ်သာရသည် လူသားတို့အတွက် လေးနက်သောရည်ရွယ်ချက်များ၊ အတွေးအမြင်များ၊ သင်ခန်းစာများကို ပေးစွမ်းနိုင်ကြောင်း တွေ့ရပါသည်။ ပုံပြင်ကို သင်ကြားရာတွင် သင်ကြားသူဆရာ၊ ဆရာမသည် ကျောင်းသားကျောင်းသူများစိတ်ပါဝင်စားမှုရှိစေရန်၊ သင်ကြားသင်ယူမှုနည်းနာများ ဖြစ်သည့် ၂၁ ရာစု ကျွမ်းကျင်မှုများ ရရှိပိုင်ဆိုင်စေရန်၊ ပုံပြင်များ၏ အကျိုးသက်ရောက်မှုကို လက်တွေ့သိရှိကာ ပုံပြင်များ၏ အခန်းကဏ္ဍကို သတိမူမိစေရန်မှာ သင်ကြားသူဆရာဆရာမက မိမိ၏ အတွေ့အကြုံ၊ စာပေဝမ်းစာနှင့် အာဝဇ္ဇန်းရွှင်မှုများကို လက်တွေ့အသုံးချလျက် စေတနာ၊ ဝါသနာ ကိုပါထည့်သွင်းကာ သင်ကြားပေးရန် လိုအပ်ကြောင်း သုံးသပ်မိပါသည်။ လက်ရှိပညာရေးစနစ်သည် ကျောင်းသားဗဟိုပြုစနစ်ဖြစ်သော်လည်း ဆရာ၊ ဆရာမ၏ အခန်းကဏ္ဍသည် ပို၍ အဓိကကျကြောင်း သုံးသပ်မိပါသည်။

## နိဂုံး

ဤစာတမ်းကို လေ့လာခြင်းဖြင့် လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်၏ ပြောင်းလဲမှုပုံစံ၊ သင်ကြားသင်ယူမှုနည်းနာများကို သိရှိနိုင်မည်ဖြစ်ပြီး လူငယ်လူရွယ်တို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် ပုံပြင်များက အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်းတို့ကို သိရှိနိုင်မည်ဖြစ်ပြီး မြန်မာစာဘာသာရပ်၏ တန်ဖိုးကိုလည်း မြှင့်တင်ရာရောက်မည်ဟု မျှော်လင့်မိပါသည်။ ဆက်လက်၍လည်း အခြားသင်ခန်းစာများကို သင်ကြားသင်ယူမှုနည်းနာများဖြင့် ချိတ်ဆက်ကာ ဆက်လက်လေ့လာနိုင်မည်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

*မြန်မာ့ရိုးရာပုံပြင်များ၁၊၂* (မ ၁၀၀၅၊ မ ၁၀၀၈) ၊ အထောက်အကူပြုမြန်မာစာသင်ရိုး။

*ရိုးရာပုံပြင်စာပေစာတမ်းများ(ပထမတွဲ၊ဒုတိယတွဲ)*။ (၁၉၈၉)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

*အခြေခံပညာအဆင့်အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်*။ (၂၀၂၀)။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရန်ကုန်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း။ (၂၀၂၁)။ ပညာရေးဝန်ကြီးဌာန။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း။ (၂၀၁၆-၂၀၃၀)။ ပညာရေးဝန်ကြီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၃)။ *စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး*(ဒုကြိမ်)။ ရောဝဏ် စာပေတိုက်၊ ရန်ကုန်။

အောင်သင်း(၁၉၆၄)။*ရွှေယုန်နှင့်ရွှေကျား* ၊ ကံ့ကော်မြိုင်စာတန်း။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

အောင်သင်း။(၂၀၁၇)။ *ယနေ့လူငယ်၊ ရသစာပေ၊ ပုံပြင်နှင့် စာပေ့ဩဇာ*။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

General Pedagogy, (2012), Department of Education Psychology, Yangon University of Education.